**သမတအိမ်တော်၊ ရန်ကုန်မြို့။**

**၁၉၄၈ ခုနှစ်၊ ပြည်သူ့လုပ်ငန်းဌာန စုံစမ်းရေးကော်မီတီများအက်ဥပဒေ။**

**[၁၉၄၈ ခုနှစ်၊ အက်ဥပဒေအမှတ် ၅၈။]**

**၁၃၁၀ ခု၊ တန်ဆောင်မုန်းလဆန်း ၄ ရက်။**

**(၁၉၄၈ ခု၊ နိုဝဘ်ာလ ၄ ရက်။)**

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ၊ အောက်ဖေါ်ပြပါအက်ဥပဒေကို ထုတ်ပြန်ကျေညာ သည်။

အောက်ပါအတိုင်း၊ အက်ဥပဒေအဖြစ်ဖြင့် ပြဋ္ဌာန်းလိုက်သည်။

၁။ ။ (၁) ဤအက်ဥပဒေကို **၁၉၄၈ ခုနှစ်၊ ပြည်သူ့လုပ်ငန်းဌာနစုံစမ်းရေးကော်မီတီများ အက်ဥပဒေ**ဟု ခေါ်ရမည်။

(၂) ဤအက်ဥပဒေသည်၊ ပြည်ထောင်စုမြန်မာနိုင်ငံတဝှမ်းလုံးနှင့် သက်ဆိုင်စေရမည်။

(၃) ဤအက်ဥပဒေသည်၊ ၁၉၄၈ ခုနှစ်၊ ဇန္နဝါရီလ ၄ ရက်နေ့မှစ၍ အာဏာတည်သည် ဟုမှတ်ယူရ မည်။

၂။ ။ ဤအက်ဥပဒေတွင် ကော်မီတီများဆိုသည်မှာ၊ အဆောက်အအုံနှင့်ပြန်လည်ထူထောင်ရေးဌာန၏ ၁၉၄၇ ခုနှစ်၊ ဒီဇဘ်ာလ ၁၇ ရက်နေ့စွဲပါ၊ ဆုံးဖြတ်ချက်အရဖြစ်စေ၊ ဤကိစ္စအလို့ငှါပြည်သူ့လုပ်ငန်းနှင့် အလုပ်သမားဝန်ကြီးဌာနတွင် ချမှတ်သည့် အခြားဆုံးဖြတ်ချက်တခုခုအရဖြစ်စေ၊ အစိုးရကခန့်ထားပြီး ဖြစ်သည့်ပြည်သူ့လုပ်ငန်းဌာန စုံစမ်းရေးကော်မီတီများကို ဆိုလိုသည်။

၃။ ။ ကော်မီတီများမှာ၊ မိမိသင့်သည်ဟုထင်မြင်သည့် အရပ်နှင့်နေ့ရက်များတွင် စုံစမ်းစစ်ဆေးမှုပြုလုပ်ရန် အာဏာရှိစေရမည့်အပြင်၊ အောက်ပါကိစ္စများနှင့်စပ်လျဥ်း၍ တရားမကျင့်ထုံးဥပဒေအရ၊ တရားရုံးများအား အပ်နှင်းထားသည့်အာဏာများလည်း ရှိစေရမည်။

(က) ဆိုင်ရာအကြောင်းအရာနှင့် စာချုပ်စာတမ်းစသည်များကို ဖွင့်လှစ်ထုတ်ဖေါ် ခြင်းနှင့် ကြည့်ရှု စစ်ဆေးခြင်း၊

(ခ) သက်သေများကို လာရောက်စေရန် အတင်းအကြပ်ဆင့်ဆိုခေါ်ယူခြင်း၊

(ဂ) စာချုပ်စာတမ်း၊ သို့တည်းမဟုတ် အရေးပါအရာရောက်သောအရာဝတ္ထုများကို တင်ပြစေရန်အတင်း အကြပ်ပြုလုပ်ခြင်း၊

(ဃ) သက်သေများကို ကျမ်းတိုက်စစ်ဆေးခြင်း၊

(င) ကျမ်းကျိန်လွှာကို သက်သေခံအဖြစ် လက်ခံခြင်း၊ ထို့ပြင်

(စ) သက်သေများကို စစ်ဆေးရန်လွှဲအပ်သည့် ကော်မီရှင်အမိန့်များ ထုတ်ပေးခြင်း၊

ကော်မီတီများသည်၊ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၈၀ နှင့် ပုဒ်မ ၄၈၂ တို့၏အဓိပ္ပါယ်အရ၊တရားမ တရားရုံးများဖြစ်သည်ဟူ၍ မှတ်ယူရမည်။

၄။ ။ သက်သေများကိုအတင်းအကြပ်ခေါ်ယူရန်ကိစ္စများအလို့ငှါ၊ ကော်မီတီများ၏စီရင်ပိုင်ခွင့်အာဏာ နယ်နိမိတ်များမှာ ပြည်ထောင်စုမြန်မာနိုင်ငံ၏ နယ်နိမိတ်များဖြစ်ရမည်။

၅။ ။ ကော်မီတီများသို့ဖြစ်စေ၊ ကော်မီတီရှေ့တွင်ဖြစ်စေ၊ စာဖြင့်သော်၎င်း၊ နှုတ်ဖြင့်သော်၎င်း၊ တဦးတယောက်သောသူတင်ပြထွက်ဆိုသည့် သက်သေခံချက်နှင့်စပ်လျဉ်း၍၊ ထိုသူအားပြည်ထောင်စု မြန်မာနိုင်ငံရှိ ရာဇဝတ်၊ သို့တည်းမဟုတ် တရားမတရားရုံးတစုံတခုတွင် တရားစွဲဆိုခြင်းမပြုရ။

၆။ ။ ကော်မီတီများရှေ့တွင်ဖြစ်စေ၊ ကော်မီတီများသို့ဖြစ်စေ၊ နှုတ်ဖြင့်သော်၎င်း၊ စာဖြင့်သော်၎င်း၊ တဦးတယောက်သောသူတင်ပြ ပြောဆိုသည့်ထွက်ဆိုချက်တခုခုကို ထိုသူအပေါ်၌စွဲဆိုသော တရားမမှု၊ ရာဇဝတ်မှု၊ သို့တည်းမဟုတ် အခြားအမှုအခင်းတခုခုတွင် သက်သေခံချက်အဖြစ်ဖြင့် လက်ခံခြင်းမပြုရ။

၇။ ။ ဤအက်ဥပဒေနှင့်အညီ သဘောရိုးဖြင့်ပြုလုပ်သည့်၊ သို့တည်းမဟုတ် ပြုလုပ်ရန်ကြံရွယ်သည့် အပြုအမူတခုခုအတွက် ကော်မီတီလူကြီးတဦးတယောက်အား၊ မည်သည့်တရားမမှု၊ ရာဇဝတ်မှု၊ သို့တည်းမဟုတ် အခြားအမှုအခင်းကိုမျှ စွဲဆိုခြင်းမပြုရ။

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ၊ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

စဝ်ရွှေသိုက်၊<br>
နိုင်ငံတော်ယာယီသမတ၊<br>
ပြည်ထောင်စုမြန်မာနိုင်ငံတော်။

ရန်ကုန်မြို့ ၁၃၁၀ ခု၊ တန်ဆောင်မုန်းလဆန်း ၄ ရက်။<br>
(၁၉၄၈ ခု၊ နိုဝင်ဘာလ ၄ ရက်။)

အမိန့်အရ၊<br>
ရွှေဘော်၊<br>
နိုင်ငံတော်သမတအတွင်းဝန်။<br>
[အမှတ် ၂၁၈]